# Information Sheet



VOLUME I, ISSUE 12 12 January 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းများနှင့်တွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသော မဟာဓာတ်အားလိုင်းများ ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်နေမှုအပေါ် အများပြည်သူ သိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း | ၃ |
| ၃ | အိန္ဒိယနိုင်ငံမှ Relief Flight များဖြင့် ဝင်ရောက်လာသူများတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် | ၄ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၅ |
| ၅ | တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာ-တရုတ် နယ်စပ်မြို့ငါးမြို့အတွက် Sinovac ကိုဗစ်ကာကွယ်ဆေးတစ်သန်းလှူဒါန်း | ၈ |
| ၆ | ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး အကြမ်းဖက်သမားများ ဖမ်းဆီးရမိခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် | ၉ |
| ၇ | PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများပြုလုပ် | ၁၂ |
| ၈ | စေတုတ္တရာမြို့နယ် အပေါကျေးရွာမှ ကျောင်းအုပ်ဆရာတစ်ဦးအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခဲ့ | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | PDF အကြမ်းဖက်သမားများက ရိုးသားစွာ လုပ်ကိုင်စားသောက်သူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ ငွေကျပ် သိန်း ၁၀၀ ခန့်အား ယူဆောင်ထွက်ပြေး | ၁၄ |
| ၁၀ | Argon Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ် | ၁၅ |
| ၁၁ | လျှပ်စစ်ပစ္စည်းဆိုင်နှင့် စတိုးဆိုင်အား လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခဲ့သည့် အကြမ်းဖက်သမားများအား ဝိုင်းဝန်းဖမ်းဆီးပေးသည့် တာဝန်သိပြည်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ် | ၁၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းများနှင့်တွေ့ဆုံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးအဆောက်အဦသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ဇန်နဝါရီလ ၁၁ ရက်တွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မနောအိမ်တော်၌ ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ တိုင်းရင်းသားအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကောက်သစ်စားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၌ တည်ဆောက်ပြီးစီးသော တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးသစ် အဆောက်အဦဖွင့်ပွဲကို တက်ရောက်ခဲ့ပြီး ရုံးသစ်အဆောက်အဦအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားစာပေစာအုပ်စာစောင်များ၊ တိုင်းရင်းသားများအခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေစာအုပ်များကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

၎င်းနောက် မြစ်ကြီးနားမြို့ ရှောရပ်ကွက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးလေ့ကျင့်ရေးဦးစီးဌာန၊ အမှတ် ၁ နှင့် ၂ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မြစ်ကြီးနား)မှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး ကျောင်းဝင်းအတွင်း ကျောင်းသားကျောင်းသူများ၏ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးပစ္စည်းများဖြင့် လေ့ကျင့်ခန်းဆောင်ရွက်နေမှု၊ စားရိပ်သာတွင် အစားအသောက်ကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များနှင့် ကျောင်းစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကချင်၊ ရှမ်းနှင့် ဗမာ တိုင်းရင်းသားများနှင့် စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ နှုတ်ခွန်းဆက်စကားပြောကြားနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကျောင်းသား/သူများ၏ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးပစ္စည်းများဖြင့် လေ့ကျင့်ခန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံ၍ ချီးမြှင့်ထောက်ပံ့ငွေများနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကောက်သစ်စားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့။
- တိုင်းရင်းသားစာပေ စာအုပ်စာစောင်များ၊ တိုင်းရင်းသားများအခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေစာအုပ်များကို လှည့်လည်ကြည့်ရှုခဲ့။
- အမှတ် ၁ နှင့် ၂ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (မြစ်ကြီးနား) မှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့။

# နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသော မဟာဓာတ်အားလိုင်းများ ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်နေမှုအပေါ် အများပြည်သူ သိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း

နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသော မဟာဓာတ်အားလိုင်းများ ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်နေမှုအပေါ် အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း

CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို အကြိမ်ကြိမ် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခဲ့သဖြင့် ပျက်စီးသွားသော တာဝါတိုင်များအား အမြန်ဆုံးပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားသော အချိန်များတွင် ဝန်အားလျှော့ချရခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

## သတင်းထုတ်ပြန်ချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၅ ရက်နေ့တွင် ပုံမှန်အခြေအနေထက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှု(၁၄၇၀)မဂ္ဂါဝပ်ခန့် လျော့နည်းနေသဖြင့် ဝန်အားထိန်းညှိမှုအရ အချို့သောနေရာများတွင် ဝန်အားလျှော့ချရခြင်းများအပေါ် ပြည်သူလူထုအနေဖြင့် အဆင်မပြေမှုများရှိပါက နားလည်ပေးနိုင်ပါရန်နှင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အမြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းသစ်များကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းကို “နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသော စက်ရုံကြီးများ၏ ဓာတ်အားထုတ်လုပ်နိုင်မှုလျော့နည်းလာသည့် အခြေအနေနှင့်စပ်လျဉ်း၍ အများပြည်သူသို့ပန်ကြားချက်”ဖြင့် အသိပေးပန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခင်ပန်ကြားစာပါ ရတနာကမ်းလွန် စီမံကိန်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် (၅၄၀)ခန့် ပြန်လည်ထုတ်လုပ်နိုင်ပြီ ဖြစ်သော်လည်း (၃-၁-၂၀၂၂) ရက်နေ့တွင် (၄) ကြိမ်မြောက် ဖျက်ဆီးခြင်းခံခဲ့ရသော ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်းနှင့် (၁၈-၁၂-၂၀၂၁) ရက်နေ့တွင် (၄)ကြိမ်မြောက် ဖျက်ဆီးခြင်းခံခဲ့ရသော ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-တောင်ငူ ဓာတ်အားလိုင်းတို့ကို လုံခြုံရေးရယူ၍ ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ (၉-၁-၂၀၂၂) ရက်နေ့ (၂၁:၂၀)နာရီတွင် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းသည် (၂)ကြိမ်မြောက် တာဝါတိုင်များ ထပ်မံဖျက်ဆီးခံခဲ့ရသဖြင့် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား (၂၂၀)မဂ္ဂါဝပ်ခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဓာတ်အား ပြတ်တောက်လျက်ရှိပါသည်။ ထို့အပြင် ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်နေသဖြင့် LNG ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှု (၇၅၀)မဂ္ဂါဝပ်ခန့်မှာ ရပ်တန့်ထားရခြင်းကြောင့် စုစုပေါင်း ဓာတ်အား (၉၇၀) မဂ္ဂါဝပ်ခန့်မှာ ဆက်လက်လျော့နည်းနေပြီး ဝန်အားထိန်းညှိခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လျော့နည်းသွားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု (၉၇၀) မဂ္ဂါဝပ်ခန့်အတွက် ဝန်အားထိန်းညှိမှုအရ အချို့သောနေရာများတွင် ဓာတ်အားသုံးစွဲမှုများပြားသော နံနက်(၀၇:၀၀)နာရီမှ နေ့လယ် (၁၁:၀၀) နာရီအတွင်းနှင့် ညအချိန် (၁၇:၀၀) နာရီမှ (၁၉:၀၀) နာရီ အချိန်အတွင်း ဝန်အားလျှော့ချရခြင်းများအား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အဆင်မပြေမှုများရှိပါက နားလည်ပေးနိုင်ပါရန်နှင့် ပျက်စီးသွားသော တာဝါတိုင်များအား အမြန်ဆုံး ပြင်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အမြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းသစ်များကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းကို အသိပေးအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **ရတနာကမ်းလွန် စီမံကိန်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် (၅၄၀)ခန့် ပြန်လည်ထုတ်လုပ်နိုင်ပြီဖြစ်။**
- **ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်းနှင့် ဘီလူးချောင်း(၂)-တောင်ငူ ဓာတ်အားလိုင်းတို့သည် ၄ ကြိမ်တိုင်တိုင် ဖျက်ဆီးခံခဲ့ရသဖြင့် လုံခြုံရေးရယူ၍ ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိ။**
- **ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းသည် (၂)ကြိမ်မြောက် ထပ်မံဖျက်ဆီးခံခဲ့ရသဖြင့် ဘီလူးချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား (၂၂၀)မဂ္ဂါဝပ်ခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဓာတ်အားပြတ်တောက်လျက်ရှိ။**
- **CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို အကြိမ်ကြိမ်ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခဲ့သဖြင့် ပျက်စီးသွားသော တာဝါတိုင်များအား အမြန်ဆုံးပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှု များပြားသော အချိန်များတွင် ဝန်အားလျှော့ချရခြင်းများပြုလုပ်ရမည်ဖြစ်။**

---

## အိန္ဒိယနိုင်ငံမှ Relief Flight များဖြင့် ဝင်ရောက်လာသူများတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူ ၃ ဦးတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိ**

အိန္ဒိယနိုင်ငံမှ Relief Flight များဖြင့် ဝင်ရောက်လာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည့် ဓာတ်ခွဲနမူနာ ၃ ခုတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိသဖြင့် ၉-၁-၂၀၂၂ ရက်၌ ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

## သတင်းထုတ်ပြန်ချက်

**Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူ ၃ ဦးတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိ**

**(၁၁-၁-၂၀၂၂)ရက်နေ့**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိခဲ့မှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၄) ခုအား ၉-၁-၂၀၂၂ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀)တို့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၃)ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၃) ဦးမှာ Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူများဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သတ်မှတ်ဆေးရုံကြီးများတွင် သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine)နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား(၃)ဦးမှာ Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူများဖြစ်။**
- **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိ။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၁ ရက်တွင် တတိယအကြိမ်အဖြစ် ၂၇၅ ဦးအားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၅၈,၉၈၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၅၉,၄၃၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာ





**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပို့ဆောင်ပေးနေမှု**

ကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၁၁ ရက်တွင် ဒုတိယ အကြိမ်အဖြစ် ၆,၂၇၄ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ၂,၁၃၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံ ပေးခဲ့ပြီး ဇန်နဝါရီလ ၁၁ ရက်အထိ ကျောင်းသား/သူစုစု ပေါင်း ၁,၅၁၆,၇၁၈ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

- ဇန်နဝါရီလ ၁၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများကို ကလေးမြို့နှင့် မုံရွာမြို့များသို့ တပ်မတော် လေယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိ။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ ဇန်နဝါရီလ ၁၁ ရက်တွင် ဓာတ်ခွဲနမူနာစုစု ပေါင်း ၁၂,၅၄၂ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၅ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၈၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၁-၁-၂၀၂၂ ရက် အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၁၅၃,၁၅၀ ခုအား စစ်ဆေးခဲ့ ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၂,၄၀၂ ဦးနှင့် သေဆုံးသူ စု စုပေါင်း ၁၉,၂၉၅ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၁ ရက်တွင် တတိယအကြိမ်အဖြစ် ၂၇၅ ဦးအားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ပြည်သူစုစု ပေါင်း ၁၅၈,၉၈၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၅၉,၄၃၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၁၁-၁-၂၀၂၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၅၁၆,၇၁၈ ဦးကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **၁၁-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၁၅၃,၁၅၀ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၂,၄၀၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၉၅ ဦး ဖြစ်ပြီး ၁၁-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၈၇ ရာခိုင်နှုန်းရှိ။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ




တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သံဃာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု




ရခိုင်ပြည်နယ်၊ IDPs စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု




တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာ-တရုတ် နယ်စပ်မြို့ငါးမြို့အတွက် Sinovac ကိုဗစ်ကာကွယ်ဆေးတစ်သန်းလှူဒါန်း







တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံရှိ မြန်မာ-တရုတ် နယ်စပ်ငါးမြို့နယ်အတွက် ကူညီပံ့ပိုးသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်သန်းအနက် ပထမဆုံးအသုတ်ဖြစ်သော ကာကွယ်ဆေးအကြိမ်ရေ (Doses) ၇၄၆,၈၀၀ ကို ဇန်နဝါရီလ ၁၁ ရက်တွင် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်ရှိ ယူနန်ပြည်နယ်၏ နယ်စပ်မြို့များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်-

- ဒုတိယအသုတ်ဖြစ်သော Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၅၃,၂၀၀ အား ဖေဖော်ဝါရီလ ၉ ရက်တွင် ပေကျင်းမြို့မှ စတင်ပို့ဆောင်မည်ဖြစ်ပြီး မတ်လ ၁၀ ရက်မတိုင်မီ မြန်မာနိုင်ငံသို့ ဆေးအားလုံးလွှဲပြောင်းပေးအပ်မည်ဖြစ်။
- အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်သန်းကို တရုတ်နိုင်ငံနှင့် ထိစပ်နေသော ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အသုံးပြုမည်ဖြစ်ရာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၏ ကပ်ရောဂါ တိုက်ဖျက်ရေးစွမ်းအင်မြှင့်တင်ရန်၊ တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများဘေးကင်းရန်နှင့် ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် များစွာအရေးပါကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက သတင်းထုတ်ပြန်ထား။
- ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးရောင်းချပေးမှုမှာ ၂၉.၇ သန်းရှိပြီး လှူဒါန်းပေးမှုမှာ ၁၀.၃ သန်း ရှိပြီ ဖြစ်ကြောင်း သိရှိရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ COVISHIELD ၁၅ ဒသမ ၄ သန်း၊ Sinopharm ၂၆ ဒသမ ၇ သန်း၊ Sinovac ၃ သန်းဖြင့် စုစုပေါင်း ၄၅ ဒသမ ၁ သန်း၊ လှူဒါန်းမှုမှ COVISHIELD ၂ ဒသမ ၅ သန်း၊ Sinopharm ၃ ဒသမ ၆ သန်း၊ Sinovac ၆.၇ သန်း၊ Covaxin ၂ ဒသမ ၂ သန်း၊ Sputnik-V ၁,၇၀၀ ဖြင့် စုစုပေါင်း ၁၅ သန်းရရှိခဲ့ရာ စုစုပေါင်း ၆၀ ဒသမ ၁ သန်းခန့် ရရှိခဲ့ပြီးဖြစ်ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၂-၁-၂၀၂၂)**

- **တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီပံ့ပိုးသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းအနက် ပထမဆုံးအသုတ်ဖြစ်သော ကာကွယ်ဆေးအကြိမ်ရေ (Doses) ၇၄၆,၈၀၀ မှာ မြန်မာနိုင်ငံနယ်စပ်သို့ရောက်ရှိ။**
- **ဒုတိယအသုတ်ဖြစ်သော Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၅၃,၂၀၀ အား ဖေဖော်ဝါရီလ ၉ ရက်တွင် ပေကျင်းမြို့မှ စတင်ပို့ဆောင်မည်ဖြစ်ပြီး မတ်လ ၁၀ ရက်မတိုင်မီ မြန်မာနိုင်ငံသို့ ဆေးအားလုံးလွှဲပြောင်းပေးအပ်မည်ဖြစ်။**
- **ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးရောင်းချပေးမှုမှာ ၂၉.၇ သန်းရှိပြီး လှူဒါန်းပေးမှုမှာ ၁၀.၃ သန်းရှိပြီဖြစ်။**

# ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး အကြမ်းဖက်သမားများ ဖမ်းဆီးရမိခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

အကြမ်းဖက်သမားများ၊ ၎င်းတို့နှင့်ဆက်နွှယ်သူများက တပ်မတော်နှင့် ဒေသခံနယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်လာအောင် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သွေးထိုးလှုံ့ဆော် ရေးသားဖော်ပြခြင်းများဆောင်ရွက်လျက်ရှိသည့်အပြင် အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေးအားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့ကလည်း အဖြစ်မှန်အားသိရှိခြင်းမရှိဘဲ ၎င်းတို့၏ထင်မြင်ယူဆချက်များအပေါ် အခြေခံပြီးရေးသားဖော်ပြလျက်ရှိကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

## သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့လေဆိပ်သို့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စီးဆင်းသက်ရောက်ရှိစဉ် KNPPအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့ကလူနေရပ်ကွက်များအတွင်း မော်တော်ယာဉ်များဖြင့် ရုတ်တရက်ရောက်ရှိလာပြီး ပြည်သူလူထုအား အကာအကွယ်ရယူကာ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်၍ ထွက်ပြေးသွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားလျှင်ဖြစ်ပွားခြင်း လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သူများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကယားပြည်နယ်အတွင်းရှိ ၎င်းတို့ထွက်ပြေးနိုင်မည့် လမ်းကြောင်းများအား ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ကွိုင်ငံရွာဟောင်းဘက်မှ မိုဆိုကျေးရွာဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၇ စီးအားတွေ့ရှိသဖြင့် လုံခြုံရေးအရ စစ်ဆေးမှုခံယူနိုင်ရေးရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မော်တော်ယာဉ်များပေါ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့်ပစ်ခတ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ မောင်းနှင်ထွက်ပြေးသွားစဉ် မိုဆိုကျေးရွာအနီးရှိ တောင်ကုန်းများတွင် အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမားများကလည်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရကြောင်း၊ ဖြစ်စဉ်တွင် KNPP အဖွဲ့ နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်းတက်ရောက်ရန် ပါဝင်လာသည့် လူသစ်အချို့တို့အား လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်းနှင့် မီးလောင်လွယ်သည့် စက်သုံးဆီများဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် အကြမ်းဖက်အဖွဲ့များ ကျေးရွာများမှ အဓမ္မကောက်ခံရယူသွားခဲ့သည့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ၇ စီးမှာလည်း မီးလောင်ပျက်စီးခဲ့ကြောင်းကို သတင်းများထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေးအားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့က လူမှုကွန်ရက်စာမျက်နှာများတွင် တပ်မတော်နှင့် ဒေသခံနယ်ခြားစောင့်တပ်ဖွဲ့ဝင်တို့အကြား အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်လာအောင် မဟုတ်မမှန်သတင်းများလှုံ့ဆော်ထုတ်လွှင့်ရေးသား ဖော်ပြလျက်ရှိသဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များက ဒေသခံနယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများနှင့် ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး စိစစ်ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ခဲ့ရာ ယင်းနေ့တွင် မိုဆိုကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် တရားမဝင်ဖောက်လုပ်ထားသော ဒီးမော့ဆို-ကွိုင်ငံရွာဟောင်း-ဒေါ့ကယားခူး-မိုဆို မြေသားလမ်းအတိုင်းမောင်းနှင်လာသည့် မသင်္ကာဖွယ် မော်တော်ယာဉ် ၇ စီးအား တွေ့ရှိရသဖြင့် စစ်ဆေးနိုင်ရန် ရပ်တန့်စေခဲ့ကြောင်း၊ မော်တော်ယာဉ်များမှာ ရပ်တန့်ခြင်းမရှိဘဲ မော်တော်ယာဉ်များပေါ်မှ အသင့်ပါလာသော လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့များကလည်း ပြန်လည်ပစ်ခတ်စဉ် မိုဆိုကျေးရွာအနီးတောင်ကုန်းများပေါ်၌ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ အပြန်အလှန်

ပစ်ခတ်မှုကြောင့် နှစ်ဖက်တပ်ဖွဲ့အကြားရောက်ရှိခဲ့သည့် မော်တော်ယာဉ် ၇ စီးမှာ လက်နက်ကြီး၊ လက်နက်ငယ်ကျည်နှင့် ဗုံးသီးများထိမှန်၍ ရှေ့ဆုံးမော်တော်ယာဉ်များ၌ တင်ဆောင်လာသော စက်သုံးဆီများမှ ပေါက်ကွဲမီးလောင်ခဲ့ကြောင်း၊ မီးလောင်နေသည့် ကားမှတဆင့် ကျန်မော်တော်ယာဉ်များအား လျင်မြန်စွာ မီးကူးစက်ခဲ့မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြားမှအတတ်နိုင်ဆုံး ယာဉ်ပေါ်လိုက်ပါသူများအား ကယ်ထုတ်ရန်ကြိုးပမ်းသော်လည်း မီးလောင်မှုအရှိန်နှင့် တစ်ဖက်၏ပစ်ခတ်မှုများကြောင့် ကယ်တင်နိုင်မှုမရှိခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေး နီးစပ်ရာမြို့အတွင်းရှိ မီးသတ်တပ်ဖွဲ့များမှ မီးသတ်ယာဉ်များကို အကူအညီတောင်းခံသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် မီးသတ်ယာဉ်များပျက်စီးခြင်းနှင့် CDM လှုပ်ရှားမှုများကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အင်အားလျော့နည်းခြင်းတို့ကြောင့်လာရောက် မီးငြိမ်းသတ်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရှိရသည်။

ဒီးမော့ဆိုမြို့မှ မိုဆိုကျေးရွာသို့ အများပြည်သူများသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းသည် ဒီးမော့ဆို-ဖရူဆိုကတ္တရာလမ်းမှတဆင့် မိုဆိုကျေးရွာသို့သွားရောက်ရခြင်းသာဖြစ်သော်လည်း ယခုထိတွေ့မှု ဖြစ်ပွားသည့် အကြမ်းဖက်သမားများအနေဖြင့် တရားမဝင်ဖောက်လုပ်ထားသည့် ဒီးမော့ဆို-ကွိုင်ငံရွာဟောင်း ဒေါ့ကယားခူး -မိုဆို မြေသားလမ်းအတိုင်း ပုန်းလျှိုးကွယ်လျှိုးဖြင့် ထွက်ပြေးလာခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့ပစ်ခတ်မှုဖြစ်ပွားနေစဉ် မိုဆိုကျေးရွာမှ ကျေးရွာသားများကကျေးရွာရှိ ဒေသခံနယ်ခြားစောင့်တပ်စခန်းသို့လာရောက်သတင်းပို့အကူအညီတောင်းခံခဲ့ရာ နယ်ခြားစောင့်တပ်စခန်းမှ တပ်ဖွဲ့ဝင် ၄ ဦးက တာဝန်ရှိသူများထံ သတင်းပို့ခြင်းမရှိဘဲ တိုက်ပွဲဖြစ်ရာနေရာသို့ ကိုယ်စီလက်နက်ငယ်များယူဆောင်၍ အရပ်ဝတ်များဖြင့် လိုက်ပါသွားကြောင်း၊ အဆိုပါအဖွဲ့သည်စခန်းမှထွက်ခွာပြီး မကြာမီလက်နက်ငယ်သံများ ကြားရကြောင်း၊ လက်နက်ငယ်သံကြားရချိန်မတိုင်မီကပင် တိုက်ပွဲဖြစ်သံကြားနေရကြောင်း၊ သို့ဖြစ်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင် ၄ ဦး၏ လက်ပြန်ကြိုးတုပ်၍ အဖမ်းခံရမှုမှာ စခန်းမှထွက်ခွာစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တွေ့ဆုံခဲ့ပြီး သတ်ဖြတ်ခံရခြင်းဖြစ်နိုင်ကြောင်း၊ အဆိုပါ နယ်ခြားစောင့်တပ်တပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခဲ့ပြီးမှသာ လက်ပြန်ကြိုးတုပ်နှောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်ထားသည့်ပုံစံ ဖန်တီးမှုဖြစ်နိုင်ကြောင်း ဖော်ထုတ်သိရှိရသည်။ ထိုကဲ့သို့ ဖြစ်စဉ်မှန်ကို သိရှိခြင်းမရှိဘဲ အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေးအားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့က လူမှုကွန်ရက်စာမျက်နှာများတွင် တပ်မတော်နှင့် ဒေသခံနယ်ခြားစောင့်တပ်ဖွဲ့တို့အကြား အထင်အမြင်လွဲမှား သံသယမှုများဖြစ်ပေါ်လာအောင် အကြိမ်ကြိမ်သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ မြေပြင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်မှုဖြစ်ပေါ်နေသည်ကိုပင် အချိန်မီ မီးငြိမ်းသတ်နိုင်ရေး ကြိုးစားလုပ်ဆောင်ခဲ့ကြပြီး KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပတ်ဝန်းကျင်တောင်ကုန်းများပေါ်မှ ပစ်ခတ်မှုများကြောင့်သာလျှင် မငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသည့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ယာဉ်ပေါ်ပါဝင်လာသူ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဓာတ်ဆီ၊ ဒီဇယ်ပေါက်ကွဲ၍ မော်တော်ယာဉ် မီးလောင်ဆုံးရှုံးမှုဖြစ်စဉ်မှာ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တစ်စီးအား အကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ ဆီတိုင်ကီအား ထိမှန်ပေါက်ကွဲခဲ့ပြီး မီးလောင်ပျက်စီးခဲ့ရကာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မီးလောင်ဒဏ်ရာကြောင့် သေဆုံး၊ ဒဏ်ရာရမှုဖြစ်စဉ်မျိုးရှိခဲ့မှုကိုလည်း နိုင်ငံပိုင်သတင်းစာ၊ ရုပ်သံများ၌ ဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်နှစ်ခုအား သုံးသပ်ကြည့်မည်ဆိုပါက မော်တော်ယာဉ်များပေါ်တွင် မီးလောင်လွယ်သည့် လောင်စာဆီများ၊ စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့်အချိန်တွင် လက်နက်ကြီး၊ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံရလျှင် မီးလောင်ပျက်စီးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး ၎င်းဖြစ်စဉ်အပေါ် အခွင့်ကောင်းယူအမြတ်ထုတ်၍ အကြမ်းဖက်သမားများ၊ ၎င်းတို့နှင့်ဆက်နွယ်သူများက တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ အရပ်သားများအား သတ်ဖြတ်သည့်အသွင်ဖြင့် လုပ်ကြံဖန်တီးခြင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သွေးထိုးလှုံ့ဆော်ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အပြင် အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေးအားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့ကလည်း အဖြစ်မှန်အားသိရှိခြင်းမရှိဘဲ ၎င်းတို့၏ထင်မြင်ယူဆချက်

များအပေါ် အခြေခံပြီးရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။ မိုဆိုကျေးရွာအနီး ဖြစ်ပွားခဲ့သောဖြစ်စဉ်အတွင်း မော်တော်ယာဉ်များ မီးလောင်ပျက်စီးပြီးနောက် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင်များအားသတ်ဖြတ်ပြီး လက်ပြန်ကြိုးတုပ်နှောင်မီးရှို့ကာ အထင်အမြင်လွဲမှားမှုဖြစ်စေရန် ရည်ရွယ်ချက်ရှိစွာဖြင့် တမင်ဖန်တီးလုပ်ဆောင်ခဲ့ခြင်းဖြစ်နိုင်သည်ကို စစ်ဆေးတွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အရပ်သား၊ ပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူများအနေဖြင့်လည်း တစ်ဖက်သတ် အထင်အမြင်လွဲမှားစွာ ရေးသားဖော်ပြနေမှုများအပေါ် စဉ်းစားဆင်ခြင်သုံးသပ်ပြီး အမှားနှင့်အမှန် ခွဲခြားသိမြင်နိုင်ရန် လိုအပ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် မော်တော်ယာဉ် ၇ စီး မီးလောင်ပျက်စီးခဲ့သည့်ဖြစ်စဉ်မှာ အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့များက အပြန်အလှန်ပစ်ခတ်မှုကြောင့် နှစ်ဖက်တပ်ဖွဲ့အကြား ရောက်ရှိခဲ့သည့် မော်တော်ယာဉ် ၇ စီးမှာ လက်နက်ကြီး၊ လက်နက်ငယ်ကျည်နှင့် ဗုံးသီးများထိမှန်၍ ရှေ့ဆုံးမော်တော်ယာဉ်များ၌ တင်ဆောင်လာသောစက်သုံးဆီများမှ မီးလောင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပစ်ခတ်မှုကြားမှ အတတ်နိုင်ဆုံးယာဉ်ပေါ်လိုက်ပါသူများအား ကယ်ထုတ်ရန် ကြိုးပမ်းသော်ခဲ့လည်း မီးလောင်မှုအရှိန်နှင့် တစ်ဖက်၏ပစ်ခတ်မှုများကြောင့် ကယ်တင်နိုင်မှုမရှိခဲ့ခြင်းဖြစ်။**
- **နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင် ၄ ဦး အသတ်ခံရခြင်းမှာ မိုဆိုကျေးရွာမှ ရွာသားများက နယ်ခြားစောင့်တပ်စခန်းသို့ လာရောက်သတင်းပို့အကူအညီတောင်းခံခဲ့ရာ တပ်ဖွဲ့ဝင် ၄ ဦးက တာဝန်ရှိသူများထံ သတင်းပို့ခြင်းမရှိဘဲ တိုက်ပွဲဖြစ်ရာနေရာသို့ ကိုယ်စီလက်နက်ငယ်များယူဆောင်၍ အရပ်ဝတ်များဖြင့် လိုက်ပါသွားခဲ့ကာ စခန်းမှထွက်ခွာစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့ကြသော်လည်း အဆိုပါတပ်ဖွဲ့ဝင်များအား လက်ပြန်ကြိုးတုပ်နှောင်၍ သတ်ဖြတ်ခဲ့ခြင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်ထားသည့်ပုံစံ ဖန်တီးခဲ့ခြင်းဖြစ်။**
- **မြေပြင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်မှုဖြစ်ပေါ်နေသည်ကိုပင် အချိန်မီ မီးငြိမ်းသတ်နိုင်ရေး ကြိုးစားလုပ်ဆောင်ခဲ့ကြပြီး KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပတ်ဝန်းကျင် တောင်ကုန်းများပေါ်မှ ပစ်ခတ်မှုများကြောင့်သာလျှင် မငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ယာဉ်ပေါ်ပါဝင်လာသူ သေဆုံးခဲ့ရခြင်းဖြစ်။**
- **မော်တော်ယာဉ်များပေါ်တွင် မီးလောင်လွယ်သည့် လောင်စာဆီများ၊ စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့်အချိန်တွင် လက်နက်ကြီး၊ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံရလျှင် မီးလောင်ပျက်စီးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး ၎င်းဖြစ်စဉ်အပေါ် အခွင့်ကောင်းယူအမြတ်ထုတ်၍ အကြမ်းဖက်သမားများ၊ ၎င်းတို့နှင့်ဆက်နွယ်သူများက တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ အရပ်သားများအား သတ်ဖြတ်သည့်အသွင်ဖြင့် လုပ်ကြံဖန်တီးခြင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် သွေးထိုးလှုံ့ဆော် ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိ။**

# PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများပြုလုပ်

NUG ၏စေခိုင်းချက်ဖြင့် အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ အနာဂတ်ကလေးသူငယ်များ၏ ပညာသင်ကြားမှုကို လိုလားမှုမရှိသည့် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်း၊ ငွေညှစ်ခြင်းနှင့် ဓါးပြတိုက်လုယက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိပါသည်။

ဇန်နဝါရီလ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ပုတီးကျေးရွာနေ အထက(ပုတီး)ကျောင်းမှ မူလတန်းပြဆရာမဖြစ်သည့် ဒေါ်လှလှညွန့် (၄၈) နှစ်သည် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်မိုး(၅၃)နှစ်နှင့်အတူ နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ၈ ဦး ရောက်ရှိလာပြီး CDM ပြုလုပ်ခြင်းမရှိသည့်အတွက်ဟုဆိုကာ ၎င်းတို့ ၂ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး ပေချောင်ကျေးရွာအနီးတွင် သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

နိုဝင်ဘာလ ၉ ရက်တွင် ကသာမြို့နယ်၊ လက်ပန်ဇင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကျောက်တုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့အား ပြန်လည်ဖွင့်လှစ်ခဲ့ရာ-

- ဇန်နဝါရီလ ၁၀ ရက်တွင် လက်ပန်ဇင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမား ၄ ဦးက လက်နက်များ ကိုယ်စီကိုင်ဆောင်ကာ ဆိုင်ကယ် ၂ စီးဖြင့် ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်း ဆရာ၊ ဆရာမများနေထိုင်သည့် အခန်းများအား ဖျက်ဆီးဝင်ရောက်ပြီး "ကျောင်းဖွင့်လှစ်ခြင်း မပြုလုပ်ရန်၊ ကျောင်းဖွင့်ပါက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏အသက်ကို အာမမခံကြောင်းနှင့် ကျောင်းအား မီးရှို့ဖျက်ဆီးပစ်မည်"ဟု ခြိမ်းခြောက်ပြောဆိုကာ ဆရာ၊ ဆရာမတို့၏ လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်၍ ပြန်လည်ထွက်ခွာသွားခဲ့။
- အဆိုပါ အကြမ်းဖက်သမား ၄ ဦးက ကျောက်တုံးကြီးကျေးရွာ အထကကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်းနေထိုင်သည့် ဆရာ၊ ဆရာမများထံမှ လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်ကာ၊ ကျောင်းဖွင့်လှစ်ခြင်းမပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုပြီး ကိုယ်ထိလက်ရောက် ခြေထောက်ဖြင့် ကန်ကျောက်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ဆရာ၊ ဆရာမအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့။
- ဒေါင့်ကြီးကျေးရွာရှိ အထက(ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးထံသို့ အကြမ်းဖက်သမားတစ်ဦးက ဖုန်းဖြင့် အလားတူ ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်းသိရှိရ။

PDF အကြမ်းဖက်သမားများနှင့် အစွန်းရောက် NLD ထောက်ခံသူများသည် အနာဂတ်ကလေးသူငယ်များ၏ အေးချမ်းစွာပညာသင်ကြားမှုကို နှောင့်ယှက်ဟန့်တားရန် စာသင်ကျောင်းများနှင့် အပြစ်မဲ့ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား အဓိကပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုကဲ့သို့ စာသင်ကျောင်းများနှင့် ကလေးသူငယ်များအား ပစ်မှတ်ထားတိုက်ခိုက်နေသည့် အကြမ်းဖက်သမားများအား နိုင်ငံတကာမှဝိုင်းဝန်းဆန့်ကျင်ရန် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများက လိုလားလျက်ရှိပါသည်။

ထိုကဲ့သို့ ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိသည်ကို လိုလားမှုမရှိဘဲ အကြမ်းဖက်ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **တန့်ဆည်မြို့နယ်၊ ပုတီးကျေးရွာနေ အထက(ပုတီး)ကျောင်းမှ မူလတန်းပြဆရာမဖြစ်သည့် ဒေါ်လှလှညွန့်သည် ၎င်း၏ခင်ပွန်းဖြစ်သူနှင့်အတူ နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ၈ ဦး ရောက်ရှိလာပြီး CDM ပြုလုပ်ခြင်းမရှိသည့်အတွက်ဟုဆိုကာ ၎င်းတို့ ၂ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး ပေချောင်ကျေးရွာအနီးတွင် သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့။**

- **PDF အမည်ခံအကြမ်းဖက်သမား ၄ ဦးက လက်နက်များကိုယ်စီကိုင်ဆောင်ကာ ဆိုင်ကယ် ၂ စီးဖြင့် လက်ပန်ဇင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်း ဆရာ၊ ဆရာမများနေထိုင်သည့် အခန်းများအား ဖျက်ဆီးဝင်ရောက်ပြီး "ကျောင်းဖွင့်လှစ်ခြင်း မပြုလုပ်ရန်၊ ကျောင်းဖွင့်ပါက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အသက်ကိုအာမ မခံကြောင်းနှင့် ကျောင်းအား မီးရှို့ဖျက်ဆီးပစ်မည်"ဟု ခြိမ်းခြောက်ပြောဆိုကာ ဆရာ၊ ဆရာမတို့၏ လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်၍ ပြန်လည်ထွက်ခွာသွားခဲ့။**
- **အဆိုပါ အကြမ်းဖက်သမား ၄ ဦးက ကျောက်တုံးကြီးကျေးရွာ အထကကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်းနေထိုင်သည့် ဆရာ၊ ဆရာမများထံမှ လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်ကာ၊ ကျောင်းဖွင့်လှစ်ခြင်း မပြုလုပ်ရန်ခြိမ်းခြောက်ပြောဆိုပြီး ကိုယ်ထိလက်ရောက် ခြေထောက်ဖြင့် ကန်ကျောက်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ဆရာ၊ ဆရာမအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့။**

## စေတုတ္တရာမြို့နယ် အပေါကျေးရွာမှ ကျောင်းအုပ်ဆရာတစ်ဦးအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခဲ့

ဇန်နဝါရီလ ၉ ရက်တွင် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အပေါကျေးရွာ အထကခွဲ(အပေါ)ကျောင်းမှ ကျောင်းအုပ်ဆရာဖြစ်သည့် ဦးသက်နောင်ထွန်း(၃၁)နှစ်သည် ၎င်းနေထိုင်ရာ ကျောင်းဝင်းအတွင်းရှိနေအိမ်၌ ကျောင်းသား၊ ကျောင်းသူများအား အချိန်ပိုစာသင်ကြားပေးနေစဉ် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ဘက်မှ လက်နက်များကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၄၀ ဦးခန့်က ကျောင်းအုပ်ဆရာအား"CDM ပြုလုပ်ခြင်းမရှိဘဲ ကျောင်းဖွင့်လှစ်ထားသည်" ဟုဆိုကာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီး မသေစေချင်လျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် လာရောက်ရွေးယူရန်ပြောဆို၍ ကျေးရွာ၏အနောက်ဘက်တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။

အဆိုပါကျေးရွာနေ ရပ်မိရပ်ဖများမှ ကလေးသူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် ကျောင်းအုပ်ဆရာကြီးအား ပြန်လည်ကယ်ဆယ်နိုင်ရေးအတွက် ကျေးရွာနေပြည်သူများ စုပေါင်း၍ ငွေကောက်ခံခဲ့ရာ ငွေကျပ် သိန်း ၃၀ ရရှိခဲ့သဖြင့် ကျေးရွာ၏အနောက်ဘက်တောအတွင်းသို့ သွားရောက်၍ အကြမ်းဖက်သမားများအား ငွေကျပ်သိန်း ၃၀ ပေးအပ်ညှိနှိုင်းခဲ့ရာ ကျောင်းအုပ်ဆရာကြီးအား အကြမ်းဖက်သမားများက ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

အကြမ်းဖက်သမားများသည် ကျောင်းအုပ်ဆရာအား ဖမ်းဆီးခေါ်ဆောင်ထားစဉ်အတွင်း ကျောင်းဖွင့်လှစ်ခြင်းအား ရပ်နား၍ CDM ပြုလုပ်ရန် ခြိမ်းခြောက်ဖိအားပေးခြင်း၊ ၎င်း၏ဆံပင်များအား လေးကွက်ကြားညှပ်ခြင်းများအပြင် နားရွက်ကို အပေါက်ဖောက်ခြင်းစသည့် ညှဉ်းပန်းနှိပ်စက်ခြင်းများအား လူသားချင်းစာနာထောက်ထားမှုကင်းမဲ့စွာ အရှက်ဂုဏ်သိက္ခာညှိုးနွမ်းစေရေး ပြုလုပ်ခဲ့ပါသည်။

အကြမ်းဖက်သမားများသည် အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများအား အကြမ်းဖက်သတ်ဖြတ်မှုမြောက်များစွာ ကျူးလွန်ခဲ့သည့်အပြင် ယခုအခါ ဓါးပြတိုက်၊ လုယက်ခြင်းများကိုပါ ထပ်တိုးလုပ်ဆောင်လာသည့်အတွက် မတရားအနိုင်ကျင့်ခံနေရသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လက်မခံနိုင်တော့ဘဲ ဆန့်ကျင်ကန့်ကွက်လာကြောင်း သိရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- စေတုတ္တရာမြို့နယ် အပေါက်ကျေးရွာမှ ကျောင်းအုပ်ဆရာတစ်ဦးအား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခဲ့။
- အကြမ်းဖက်သမားများသည် ကျောင်းအုပ်ဆရာအား ဖမ်းဆီးခေါ်ဆောင်ထားစဉ်အတွင်း ကျောင်းဖွင့်လှစ်ခြင်းအား ရပ်နား၍ CDM ပြုလုပ်ရန် ခြိမ်းခြောက်ဖိအားပေးခြင်း၊ ၎င်း၏ဆံပင်များအား လေးကွက်ကြားညှပ်ခြင်းများအပြင် နားရွက်ကို အပေါက်ဖောက်ခြင်းစသည့် ညှဉ်းပန်းနှိပ်စက်ခြင်းများအား လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာ အရှက်ဂုဏ်သိက္ခာညှိုးနွမ်းစေရေး ပြုလုပ်ခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များက ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများအား ၎င်းတို့နှင့် ပူးပေါင်းပါဝင်လာစေရန်နှင့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိ။


## PDF အကြမ်းဖက်သမားများက ရိုးသားစွာ လုပ်ကိုင်စားသောက်သူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ ငွေကျပ် သိန်း ၁၀၀ ခန့်အား ယူဆောင်ထွက်ပြေး



အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ရိုးသားစွာ လုပ်ကိုင်စားသောက်သူများ မှတ်တမ်းဓာတ်ပုံ

ဇန်နဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် အရာတော်မြို့နယ်၊ ငွေတွင်းကျေးရွာနေ ဦးလွှမ်းမိုး အပါအဝင် အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦးတို့သည် အာကာမင်း မောင်းနှင်သည့် Light Truck အမျိုးအစား အဖြူရောင်မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ကွမ်းရွက်ခြင်းများ သွားရောက်ရောင်းချခဲ့ပြီး နေရပ်သို့ ပြန်လာစဉ် ညနေ ၅ နာရီခွဲခန့်တွင် ဝက်လက်မြို့နယ်၊ ရွှေပန်းကုံးကျေးရွာနှင့် သမရိုးကျေးရွာကြားရှိ ဒေသအခေါ် တစ်ဝက်မန်ကျည်းပင်တံတားသို့အရောက်၌ PDF အကြမ်းဖက်သမားများက ဒေသန္တရလုပ်ဆွဲမိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်၍ ယာဉ်အားရပ်တန့်စေခဲ့ပါသည်။

ထို့နောက် PDF အကြမ်းဖက်သမားများက ယာဉ်ပေါ်ပါ ကျေးရွာသူ၊ ကျေးရွာသားများအား ယာဉ်ပေါ်မှဆင်းခိုင်းကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး ကွမ်းရောင်းရငွေ ကျပ်သိန်း ၁၀၀ ခန့်အားယူဆောင်၍ ထွက်ခွာသွားခဲ့ပါသည်။ ယာဉ်ပေါ်လိုက်ပါလာသော အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦးတို့သည် သေဆုံးခဲ့ပြီး ယာဉ်မောင်းဖြစ်သူ အာကာမင်းသည် ဝဲဘက်လက်မောင်းနှင့် လက်ဖျံတို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြောင်းနှင့် အရာတော်မြို့၊ ကူးတို့ကိုင်းကျေးရွာမှတဆင့် ဆေးရုံသို့ရောက်ရှိ ဆေးကုသမှုခံယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။




**ဖြစ်စဉ်ဖြစ်ပွားသည့် နေရာပြ မြေပုံ**

PDF အကြမ်းဖက်သမားများသည် ၎င်းတို့၏အကြမ်းဖက်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ထောက်ပံ့ပေးမည့်သူများ မရှိသောကြောင့် ကျေးရွာများသို့ ဝင်ရောက် ဆက်ကြေးကောက်ခံခြင်း၊ မိမိနှင့်အမြင်မတူသူများအား ဒလန်ဟုစွပ်စွဲ၍ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ ခရီးသွားပြည်သူများထံမှ ဓားပြတိုက်လုယက်ယူဆောင်ခြင်းများ ပြုလုပ်လာကြောင်း တွေ့ရှိရပါသည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့ရသူများနှင့် ပတ်သက်၍ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **မန္တလေးမြို့တွင် ကွမ်းရွက်ရောင်းပြီး အရာတော်မြို့နယ်သို့ ပြန်လာသည့် ရိုးသားစွာ လုပ်ကိုင်စားသောက်သူများအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ ငွေကျပ်သိန်း ၁၀၀ ခန့်အား ယူဆောင်ထွက်ပြေးခဲ့။**

## Argon Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်

မြဝတီမြို့မှ မန္တလေးမြို့သို့ပို့ဆောင်ရန် ထွက်ခွာလာသည့် ဦးထွန်းမင်းဦး မောင်းနှင်ပြီး ရဲထူးအောင် လိုက်ပါလာသော Argon Gas အရည် ၁၉ တန် သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် ဇန်နဝါရီလ ၁၁ ရက်တွင် ကော့ကရိတ်မြို့နယ်၊ တတန်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ မော်




**အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခံရသည့် Argon Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်**

တော်ယာဉ်၏ လေကာမှန်နှင့် ကားဘီးများ လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့ပါသည်။

နိုင်ငံတော်အစိုးရအား ဆန့်ကျင်လျက်ရှိသော သတင်းမီဒီယာများသည် ကျန်းမာရေးသုံးအောက်ဆီဂျင်များ၊ စက်မှုသုံး Gas များ၊ သယ်ဆောင်လာသည့် မော်တော်ယာဉ်များအား တပ်မတော်ပိုင် လေယာဉ်ဆီများ တင်ဆောင်လာသည်ဟု လူမှုကွန်ရက်ပေါ်မှ သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်သောကြောင့် PDF အကြမ်းဖက်အဖွဲ့များက အဆိုပါမော်တော်ယာဉ်များအား လမ်းခရီးမှစောင့်ဆိုင်း၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **မြဝတီမြို့မှ မန္တလေးမြို့သို့ ပို့ဆောင်ရန် Argon Gas အရည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့။**

# လျှပ်စစ်ပစ္စည်းဆိုင်နှင့် စတိုးဆိုင်အား လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခဲ့သည့် အကြမ်းဖက်သမားများအား ဝိုင်းဝန်းဖမ်းဆီးပေးသည့် တာဝန်သိပြည်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်




ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ လျှပ်စစ်ပစ္စည်းဆိုင်နှင့် မီမီစတိုးအား ဇန်နဝါရီလ ၁၀ ရက် ညနေပိုင်းတွင် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမား ၂ ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မောင်းနှင် ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား၂ ဦးကို ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၉ မမ ကျည် ၆ တောင့်၊ လက်ပစ်ဗုံး ၁ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သမားများအား ဝိုင်းဝန်းဖမ်းဆီးပေးခဲ့ကြသည့် တာဝန်သိပြည်သူများအား ဇန်နဝါရီလ ၁၁ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ပြီး ဂုဏ်ပြုဆုငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပါသည်။

PDF အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ မတရားသဖြင့် အနိုင်ကျင့်ခံနေရသော ဒေသခံပြည်သူများက ၎င်းတို့၏လှုပ်ရှားမှုသတင်းများအား လျှို့ဝှက်စွာပေးပို့လျက်ရှိသည့်အပြင် ယခုကဲ့သို့ ရဲဝံ့စွန့်စားစွာ အကြမ်းဖက်သမားများအား ပြန်လည်ခုခံ၍ ဝိုင်းဝန်းဖမ်းဆီးမှုများကို ဆောင်ရွက်လာကြသဖြင့် တာဝန်သိပြည်သူများအား နိုင်ငံတော်မှ အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၁၂-၁-၂၀၂၂)**

- **ကျောင်းကုန်းမြို့၌ လျှပ်စစ်ပစ္စည်းဆိုင်နှင့် မီမီစတိုးအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သည့် အကြမ်းဖက်သမားများအား ဝိုင်းဝန်းဖမ်းဆီးပေးသည့် တာဝန်သိပြည်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။**